နောက်ဆက်တွဲ(က)

**(တောင်ကြီး) သိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ခဲကာဗွန်နိတ် (ခဲသတ္တု) တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ စီမံကိန်းအဆိုပြုသူမှ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ နောင်လွယ်ဒေသရှိ မြေဧရိယာ (၄၉.၅) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခဲကာဗွန်နိတ် (ခဲသတ္တု) တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် (တောင်ကြီး) သိန်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ၂၈-၈-၂၀၂၀ ရက်စွဲပါ စာဖြင့် တင်ပြခဲ့သည့် ဦးဖုန်းမြင့်မှ ရေးသားပြုစုသော အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသိန်းထိုက် (အုပ်ချုပ်မှုဒါရိုက်တာ)၊ (တောင်ကြီး) သိန်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၊ အမှတ် (၇/၂၂၆) ၊ ကျောက်စိမ်းလမ်းနှင့် မဟူရာလမ်းထောင့်၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ၀၉-၅၂၁၂၅၇၆ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် မြေအောက်တူးဖော်ရေး နည်းစနစ်ကို အသုံးပြုမည်ဖြစ်ကြောင်း၊ တူးဖော်ထုတ်လုပ်မှုမှ ထွက်ရှိလာသည့် Top Soil Tailing များအား သီးခြားစီသတ်မှတ်ထားသော Dumping Site များ အလျား (၂၀၀) ပေ၊ အနံ (၁၀၀) ပေနှင့် အမြင့် (၂၅) ပေဖြင့် စုပုံသွားမည်ဖြစ်ကြောင်း၊ စုပုံထားသော ခဲသတ္တုရိုင်းများကို သန့်စင်စက်ရုံသို့ ပေးပို့၍ သန့်စင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းအား လောင်စာဆီအနေဖြင့် တစ်နှစ်လျှင် (၇,၄၂၁) ဂါလန်ခန့်၊ အထွေထွေ အသုံးပြုရန်အတွက် လိုအပ်သော ရေအရင်းအမြစ်အား မြေအောက်ရေမှ တူးဖော်၍ ရယူအသုံးပြုမည်ဖြစ်ပါသည်။ အသုံးပြုစက်ပစ္စည်းများ အနေဖြင့် လေမှုတ်စက် ၂ လုံး၊ Air Gun 5 စုံ၊ ရေစုပ်စက် ၂ လုံး၊ မီးစက် (500 KVA) ၁ လုံးတို့ အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ နောင်လွယ်ဒေသတွင် တည်ရှိပါသည်။

(တောင်ကြီး) သိန်းသဏ္ဍာတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊
ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ နောင်လွယ်ဒေသရှိ မြေဧရိယာ (၄၉.၅) ဧကပေါ်တွင်
အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခဲကာဗွန်နိတ် (ခဲသတ္တု) တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း၏
တည်နေရာပြမြေပုံ




INDEX

A - Latitute 20° 56' 58.68" N. Long 96° 44' 24.15"E
B - Latitute 20° 56' 53.42" N. Long 96° 44' 58.46"E
C - Latitute 20° 56' 43.54" N. Long 96° 44' 59.26"E
D - Latitute 20° 56' 44.83" N. Long 96° 44' 40.64"E

Area 49.5 Acre
0.2003 sqkm

